✓ နိုင်ငံသားကောင်းဖြစ်ခြင်း (**Citizenship**) - ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ်ရှိခြင်းတို့ ဖြစ်သည်။

(စ) **စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကို ခြုံငုံတင်ပြခြင်း**– သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀%ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ(Feed-back) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက် အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန် လိုအပ်သည်ကိုခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သောသင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(၁) **စာသင်ခန်းအဆင့် စစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်သည်–**

✓ **ကျောင်းသားဗဟိုပြုမှု**– ဆရာနှင့်ကျောင်းသားများသည် သင်ကြားရေးထက် သင်ယူမှုကို လေ့လာကြည့်ရှုရေးနှင့် သင်ယူမှုပိုမိုကောင်းမွန်ရေးကို ပိုမိုအလေးထားကြသည်။ ကျောင်းသားများသည် (ဆရာက မည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ) မည်သည်ကိုသင်ယူရန် နားလည်ကြသည်။

✓ **ဆရာ၏ဆုံးဖြတ်စီစဉ်မှု**– ဆရာအသီးသီးသည် မည်သည်ကို၊ မည်သို့စစ်ဆေးအကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။

✓ **ကျောင်းသားများ၏တက်ကြွသောပါဝင်ဆောင်ရွက်မှု**– ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့ မည်သည့်အရာကိုသင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့ပြင် မိမိကိုယ်မိမိစစ်ဆေးအကဲဖြတ်ခြင်း(Self-Assessment)တွင်လည်း ပိုမိုကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ၎င်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှုရှိကြောင်း သတိပြုမိသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။

DDE BOX - Copyright Protected

- ✓ **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း(Formative Assessment) –** သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏သင်ယူမှုတိုးတက်မှုအခြေအနေအကြောင်းကို ဆရာ သိရှိစေရန်အထောက်အထားပေးသည်။ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှသာ ဆရာက ကျောင်းသားများ၏ သင်ယူမှု တိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့မှတ်သားမည်ကို ဆုံးဖြတ်ရန် လိုအပ်သည်။ ရရှိသည့်အထောက်အထားအပေါ် မူတည်၍ ဆရာသည် ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏သင်ကြားမှုကို ကိုက်ညှိနိုင်သည်။ ဆရာများ၏ သင်ကြား-သင်ယူစဉ်စစ်ဆေးအကဲဖြတ်မှုစွမ်းရည် နှင့်နည်းလမ်းများ ပိုမိုကောင်းမွန်စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (soft skills: C-၅လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏သင်ယူမှုကို မြှင့်တင်အားပေးနိုင်မည် ဖြစ်သည်။

(၂) **စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ**

- ✓ **လေ့လာကြည့်ရှုခြင်း(<u>Observation)</u> –** လက်တွေ့လုပ်ငန်းများ၊ တွေ့ရှိချက်များတင်ပြခြင်းများအတွက် အုပ်စုလိုက်ပြင်ဆင်ဆောင်ရွက်နေကြစဉ် ၎င်းတို့၏အပြုအမူများအပါအဝင် ကျောင်းသားများအား တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့် တွေ့ရှိချက်များကို မှတ်တမ်းထားခြင်းဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C-၅လုံး)ကိုလည်း လေ့လာကြည့်ရှုပါ။
- ✓ **မေးခွန်းများမေးခြင်း(Questioning) –** ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘာလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း)ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ၎င်း၏သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ် သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေးဖြစ်ပေါ်နိုင်သည်။

DBE BOX - Copyright Protected

✓ **ကျောင်းသားများ၏ သင်ယူမှုဂျာနယ် (Student Learning Journal)–** ဆရာသည် စဉ်းစားဖြေဆိုရသည့် မေးခွန်းများ (Open-Ended Questions) (ဥပမာ- မည်သည်ကို သင်ယူခဲ့ပြီးဖြစ်သည်၊ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်)ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများ ရေးသားစေခြင်းဖြစ်သည်။ ဤကဲ့သို့သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ် သုံးနိုင်သည်။ ထို့ပြင် နောက်သင်ကြားမည့် သင်ခန်းစာ ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ကျောင်းသားများအား ၎င်းတို့သိရှိပြီးသောအကြောင်းအရာများကိုရေးသားစေပြီး သင်ခန်းစာ၏အစတွင် ကျောင်းသားများ၏ယခင်ရှိပြီးသား ဗဟုသုတကိုဆုံးဖြတ်ရန် အသုံးပြုနိုင်သည်။ ဆရာသည် ကျောင်းသားများ၏ သင်ယူမှုဂျာနယ်များကို နမူနာ (ဥပမာ- ၁၀အုပ်) ကောက်ယူကြည့်၍ တစ်တန်းလုံး၏ တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသားဗဟုသုတကို ခြုံငုံအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ် မူတည်၍ သင်ကြားမှုထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

**(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကိုခြုံငုံတင်ပြခြင်း (ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)–** အမျိုးသားပညာရေးဥပဒေ (၂၀၁၄) ၌ သင်ရိုးညွှန်းတမ်းသည် မတူကွဲပြားခြားနားခြင်း(Diversity)ကို နားလည်လက်ခံသော၊ တန်းတူ ညီမျှမှု (Equality)ကို အလေးထားသော၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေး (Human Rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသားကောင်းများမွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာ ပညာရေးသင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

အခြေခံစည်းမျဉ်းအနေဖြင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (Inclusive) စေရန် ဖြစ်သည်။ အားလုံး အကျုံးဝင်ပြီး သာတူညီမျှမှု (Equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကိုထိန်းသိမ်းပြီး အခြားသူများနှင့်မတူ ကွဲပြားခြားနားမှုကို နားလည် အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည် ဖြစ်သည်။

DBE BOX - Copyright Protected